# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
(၂၅)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၂၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ၁၄-၃-၂၀၁၉

ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒုတိယ အကြိမ် အာရှဒေသအတွင်း ကျောက်စိမ်းထိပ်သီး ဆွေးနွေးပွဲတက်ရောက်ရန်။ ဦးကျော်သီဟ၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမာန်လောမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၇)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာတင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကြုံတွေ့ခံစားနေကြရသော အမှုထမ်းများ (အထူးသဖြင့် ပြည်သူ့ရဲဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများ)အား ဒေသန္တရရှားပါးစရိတ် (CLA) ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ကြုံတွေ့ခံစားနေကြရသော အမှုထမ်းများ (အထူးသဖြင့် ပြည်သူ့ရဲဝန်ထမ်းများ၊ ပညာရေး ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများ)အား ဒေသန္တရရှားပါးစရိတ် (CLA) ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စု ဒုတိယဝန်ကြီးများ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကမ္ဘာ့စီးပွားရေးဒေသတွင် ပြည်တွင်းစီးပွားရေး အခြေအနေများအရ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်း၊ သွားလာစရိတ်၊ အထူးသဖြင့် Bus ကားခ၊ Taxi ငှားခ၊ မော်တော်ဆိုင်ကယ်ကယ်ရီခ၊ ကျောင်းအပ် စာရင်းအသုံးစရိတ်၊ အခြေခံစားသောက်ကုန်၊ အဝတ်အစားအားလုံးဟာ ဈေးကျသည်မရှိဘဲ တက်ဆဲဖြစ်နေတာကို အများအသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်အပါအဝင် မြို့ကြီးများရှိ ဝန်ထမ်းအချို့မှာ ရုံးတက်၊ ရုံးဆင်း Ferry ရှိသလို အရာရှိအဆင့်များအနေနဲ့လည်း သင့်လျော်ရာ ကား၊ သင့်လျော်တဲ့ စက်သုံးဆီရရှိသွားလာနိုင်တဲ့အတွက်ကြောင့် ရုံးတက်၊ ရုံးဆင်း စရိတ်သက်သက်သာသာနှင့် အဆင်ပြေနေတာကို တွေ့ရှိနိုင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း Ferry ကြို၊ ပို့ ယာဉ် မရှိဘဲနဲ့ တစ်နိုင်ငံလုံး၊ နေရာအနှံ့အပြား၊ တောတောင်၊ မြစ်၊ ချောင်း နေရာအနှံ့ဖြတ်သန်းပြီးတော့ တာဝန်ထမ်းဆောင်နေကြရတဲ့ မူလတန်း ဆရာ၊ ဆရာမများ၊ အလယ်တန်းဆရာ၊ ဆရာမများ၊ ကျန်းမာရေးအောက်အဆင့် ဝန်ထမ်းများဖြစ်ကြတဲ့ သူနာပြု၊ သားဖွား စသည်တို့ရဲ့ နိစ္စဓူဝ ရေတစ်တန်၊ ကုန်းတစ်တန် သွားလာစရိတ်တွေ ကုန်ကျလျက်ရှိသည်ကို သိရှိလေ့လာမိပါတယ်။ နေ့စဉ် ဆိုင်ကယ် ကယ်ရီခစရိတ်များ၊ စက်လှေစရိတ်၊ ကားစရိတ်များကလည်း အကုန်ကျခံ သွားလာနေရပါတယ်။ သို့သော်လည်းပဲ တချို့ Bus ကားလိုင်းက ကားတွေကလည်း အလကားစီးနေကြလို့ မတင်ချင်ကြပါဘူး။ ထို့အတူပဲ ကျေးရွာအနှံ့မှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြတဲ့ ပြည်သူ့ရဲဝန်ထမ်းများမှာလည်း သွားလာစရိတ် ပိုမိုကုန်ကျလျက်ရှိနေပါတယ်။ ထိုင်းနိုင်ငံမှာလည်း ဒီ CLA လို့ ခေါ်တဲ့ (Compensatory Local Allowance)ကို မကြာခဏ ကိုက်ညှိပေးနေတာကိုလည်းသိရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လတ်တလော ဘဏ္ဍာရေးအခြေအနေရ လစာတိုးမြှင့်ခြင်းမှာ အခက်အခဲများစွာ ရှိနေသေးလို့ သဘောပေါက်ပါတယ်။ သို့သော်လည်း ဖော်ပြပါဝန်ထမ်းတွေအတွက် သင့်လျော်တဲ့ ဒေသန္တရရှုားပါးစရိတ် (Compensatory Local Allowance - CLA)ကို ထောက်ပံ့ပေးမယ်ဆိုရင် ပိုပြီးအဆင်ပြေနိုင်မယ်လို့ ယူဆတဲ့အတွက်ကြောင့် ဒီအစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနှင့်ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ၏ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကြုံတွေ့ခံစားနေကြ ရသော အမှုထမ်းများ(အထူးသဖြင့် ပြည်သူ့ရဲဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်း များ၊ တပ်မတော်သားများ)အား ဒေသန္တရရှားပါးစရိတ် (CLA) ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနတို့ ဖြေဆိုချက်များနှင့် ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်လျက်ရှိတဲ့ လစာ၊ စရိတ် နှုန်းထားများကို အခါအားလျော်စွာ တိုးမြှင့်ပြင်ဆင်ပေးခဲ့ပါတယ်။ နောက်ဆုံးတိုးမြှင့်ပေးခဲ့တဲ့ အခြေ အနေဟာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ လက်ရှိခံစားလျက်ရှိတဲ့ လစာနှုန်းထားများ အပေါ်မှာ အမှုထမ်းများအတွက် (၂၀)ရာခိုင်နှုန်း၊ အရာထမ်းများအတွက် (၁၀)ရာခိုင်နှုန်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၉-၄-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၀/၂၀၁၈) ဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလအတွက် လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါတယ်။ နေ့စားအလုပ်သမားများအတွက် တစ်ရက် လုပ်ခကို ကျပ်(၃၆၀၀)မှ ကျပ်(၄၈၀၀)သို့ ၁၄-၅-၂၀၁၈ ရက်နေ့မှစ၍လည်းကောင်း၊ ဌာန အဖွဲ့အစည်းများတွင် မိမိတို့အစီအစဉ်ဖြင့်ခန့်ထားသည့် ပုတ်ပြတ်၊ ယာယီဝန်ထမ်းများအတွက် သတ်မှတ်ထားသည့် ပုံသေလစာများအပေါ်တွင် (၂၀)ရာခိုင်နှုန်းကို ၂၀၁၈ ခုနှစ်၊ ဧပြီလအတွက် လစာမှစ၍ တိုးမြှင့် ခံစားခွင့်ကိုလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ (၅၇/၂၀၁၈) နှင့် (၅၄/၂၀၁၈) တို့ဖြင့် ထုတ်ပြန်ခံစားခွင့်ပြုခဲ့ပါတယ်။

ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ခံစားခွင့်များနှင့်စပ်လျဉ်းပြီး ယခင်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၆-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၆/၂၀၁၆) ဖြင့် လစာနှုန်းထားများအလိုက် ဒေသ စရိတ်ခံစားခွင့်နှုန်းထားများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ဒေသစရိတ်ခံစားခွင့်ရှိတဲ့ မြို့နယ် များမှာ တာဝန်ထမ်းဆောင်နေတဲ့ နေ့စားအလုပ်သမားများအတွက် တစ်ရက်လုပ်ခကို ၁-၄-၂၀၁၅ ရက်နေ့မှစ၍ ကျပ်(၅၀၀၀)ကို ယခင်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၉-၅-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၂၉၈/၂၀၁၅) ဖြင့် ခံစားခွင့်ပြုခဲ့ပါတယ်။

အထက်ပါ ဒေသစရိတ်နှုန်းထားများကိုလည်းပဲ နောက်ဆုံးတိုးမြှင့်ခဲ့တဲ့ လစာနှုန်းထားများ အလိုက် တိုးမြှင့်သတ်မှတ်ပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိနေပါတယ်။ နိုင်ငံ့ဝန်ထမ်းများ တာဝန် အရ ခရီးသွားလာရတဲ့အခါမှာဖြစ်စေ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတဲ့အခါမှာဖြစ်စေ မြန်မာနိုင်ငံ

ခရီးစရိတ်နည်းဥပဒေမှာ ပြဋ္ဌာန်းထားသည့်ခရီးစရိတ်အား အမှန်ကုန်ကျစရိတ်ကို ခွင့်ပြုပေးလျက်ရှိပြီးတော့ ခရီးသွားနေ့တွက်စရိတ် တစ်ရက် ကျပ်(၃၀၀၀)ကို ယခင်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ (၃၀၈၆/၂၀၁၅) ဖြင့် ၁-၄-၂၀၁၆ ရက်နေ့မှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း အဆိုပါစရိတ်များနှင့် ပတ်သက်ပြီးတော့ ခေတ်ကာလနှင့်အညီ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ရိက္ခာအထောက်အပံ့ငွေအဖြစ် ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ်မှာ ရဲတပ်ဖွဲ့ဝင်များကို တစ်ဦးလျှင် တစ်ရက်(၅)ကျပ်နှုန်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တစ်ဦးလျှင် တစ်ရက် (၂၀)ကျပ်နှုန်း၊ ရဲဝန်ထမ်းများအားလုံးကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှာ တစ်ဦးလျှင် တစ်ရက်(၅၀၀)ကျပ်နှုန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ တစ်ဦးလျှင် တစ်ရက် (၈၀၀)ကျပ်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တစ်ဦးလျှင် တစ်ရက် (၁၀၀၀)ကျပ်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တစ်ဦးလျှင် တစ်ရက် (၁၈၀၀)ကျပ်နှုန်းဖြင့် ခွင့်ပြုပေးခဲ့ပါတယ်။ အလားတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရှိ မှုခင်းစုံစမ်းခြင်း၊ သတင်းစုဆောင်းတင်ပြခြင်း လုပ်ငန်းများအတွက် (၂၄)နာရီ တာဝန်ယူဆောင်ရွက်ရတဲ့ ဝန်ထမ်းများအားလည်းကောင်း၊ အကျဉ်းဦးစီးဌာနမှာရှိတဲ့ လုပ်ငန်းသဘောသဘာဝအရ နေ့၊ ည လုပ်ငန်းတာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းများအားလည်းကောင်း၊ မီးသတ်ဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းများအားလည်းကောင်း၊ ရိက္ခာထောက်ပံ့ငွေ တစ်ဦးလျှင် တစ်ရက် (၁၅၀၀) ကျပ်နှုန်းဖြင့် ခွင့်ပြုလျက်ရှိပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်မှုထမ်းများရဲ့ လစာနှုန်းထားများ၊ စရိတ်ခံစားခွင့်များ တိုးမြှင့်သတ်မှတ်ခြင်းကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်မှုထမ်းများရဲ့ ရိက္ခာစိုင္ငေ နှုန်းထားများကို ၁၉၅၉-၆၀၊ ဘဏ္ဍာရေးနှစ်တွင် (၆၆)ပြား၊ ၁၉၆၂-၆၃၊ ဘဏ္ဍာရေးနှစ်မှာ (၅၆)ပြား၊ ၁၉၆၆-၆၇၊ ဘဏ္ဍာရေးနှစ်မှာ (၇၀)ပြား၊ ၁၉၇၄-၇၅၊ ဘဏ္ဍာရေးနှစ်မှာ (၁)ကျပ်(၂၅)ပြား၊ ၁၉၈၈-၈၉၊ ဘဏ္ဍာရေးနှစ်မှာ (၂)ကျပ်(၅၀)ပြား၊ ၁၉၉၃-၉၄၊ ဘဏ္ဍာရေးနှစ်မှာ (၅)ကျပ်၊ ၂၀၀၃-၂၀၀၄၊ ဘဏ္ဍာရေးနှစ်မှာ (၃၀)ကျပ်၊ ၁-၁၀-၂၀၀၅ ခုနှစ်မှ ၃၁-၁၂-၂၀၀၉ ခုနှစ်အထိ (၁၀၀)ကျပ်၊ ၁-၁-၂၀၁၀ ပြည့်နှစ်မှ ၃၁-၃-၂၀၁၂ ခုနှစ်အထိ (၃၀၀) ကျပ်၊ ၁-၄-၂၀၁၂ ခုနှစ်မှ ၃၁-၃- ၂၀၁၅ ခုနှစ်အထိ (၅၀၀)ကျပ်၊ ၁-၄-၂၀၁၅ ခုနှစ်မှ ယနေ့အထိ (၇၅၀) ကျပ်တို့ကို ကာကွယ်ရေးဝန်ကြီးဌာနကောင်စီ အမှုဆောင်အဖွဲ့ကို တင်ပြခွင့်ပြုချက် ရယူပြီးတော့ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေလိုအပ်ချက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တောင်းခံဖြည့်တင်းပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၈) မှတ်တမ်းကောက်နုတ်ခွင့်ပြုချက်အရ ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်များ၊ ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များမှာ အတန်းတင်စာမေးပွဲများရဲ့ စာမေးပွဲအဖြေလွှာ စစ်ဆေးခ (၃၀)ကျပ် နှုန်းမှ (၁၀၀)ကျပ်နှုန်းသို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဦးစီးဌာနများက ကမ္ဘာ့ဘဏ်ချေးငွေထောက်ပံ့ငွေတို့ဖြင့် ဆောင်ရွက်တဲ့စီမံကိန်းများမှာ ဝန်ထမ်းများရဲ့ ခရီးစရိတ်၊ နေ့တွက်စရိတ်၊

တည်းခိုစရိတ်များကိုလည်း သီးခြားအစီအစဉ်ဖြင့် နှုန်းထားများ သတ်မှတ်ပြီးတော့ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှာ ၁-၈-၂၀၁၇ ရက်နေ့မှ စပြီးတော့ စစ်ဆေးတဲ့ အတန်းတင်စာမေးပွဲစစ်ဆေးခြင်း၊ စာစစ်ခနှုန်းထားများကိုလည်းပဲ တင်ပြပါဇယားအတိုင်း တိုးမြှင့်ပေးခဲ့တာတွေ့ရှိပါတယ်။ စာစစ်ခ(၃)နာရီ အဖြေလွှာ (၁)ကျပ်မှ (၃၀၀)ကျပ်၊ လက်တွေ့စစ်မေး (၅၀)ပြားမှ (၁၅၀)ကျပ်၊ ကျမ်းကြီး Thesis ပြင်ပစာစစ် (၁၀၀)ကျပ်မှ (၃၀၀၀၀)ကျပ်၊ ကျမ်းကြီး Thesis အဖွဲ့ဝင်စာစစ် (၂၅)ကျပ်မှ (၇၅၀၀)ကျပ်၊ ကျမ်းငယ်ဖတ်ခ (၁၀)ကျပ်မှ (၃၀၀၀)ကျပ်၊ တွဲဖက်စာစစ် (၂၅)ကျပ်မှ (၇၅၀၀)ကျပ်၊ ပြင်ပစာစစ် (၁၅၀)ကျပ်မှ (၄၅၀၀၀)ကျပ်၊ ကြီးကြပ်ရေးမှူးချုပ် (၅)ကျပ်မှ (၁၅၀၀)ကျပ်၊ ကြီးကြပ်ရေးမှူး (၂.၅၀)ကျပ်မှ (၇၅၀)ကျပ်၊ မေးခွန်းဖယောင်းရိုက်ခ (၅)ကျပ်မှ (၁၅၀၀)ကျပ်၊ ပုံဆွဲဖယောင်းရေးခ (၃)ကျပ်မှ (၂၀၀)ကျပ် စသဖြင့် ကျွန်တော်တို့ ခွင့်ပြုပေးခဲ့ပါတယ်။

| စဉ် | စာမေးပွဲအမည် | ယခင်သတ်မှတ်ထားသော စာစစ်ခ နှုန်းထားများ | ယခု ပြင်ဆင်ခွင့်ပြုသည့် စာစစ်ခ နှုန်းထားများ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စာစစ်ခ (၃ နာရီအဖြေလွှာ) | ၁/- | ၃၀၀/- | |
| ၂။ | လက်တွေ့စစ်မေး (၁ဦးလျှင်) | ၅၀ါး/- | ၁၅၀/- | |
| ၃။ | ကျမ်းကြီး Thesis ပြင်ပ စာစစ် (ဂျူရီအပါ အဝင်) | ၁၀၀/- | ၃၀,၀၀၀/- | |
| ၄။ | ကျမ်းကြီး Thesis အဖွဲ့ဝင် (စာစစ်) | ၂၅/- | ၇,၅၀၀/- | |
| ၅။ | ကျမ်းငယ်ဖတ်ခ (Dissertation) | ၁၀/- | ၃,၀၀၀/- | |
| ၆။ | တွဲဖက်စာစစ် | ၂၅/- | ၇,၅၀၀/- | |
| ၇။ | ပြင်ပစာစစ် | ၁၅၀/- | ၄၅,၀၀၀/- | ပြင်ပ စာစစ်သူ တစ်ဦးကို တစ်နှစ်လျှင် အများ ဆုံး (၃)ကြိမ်သာ ခွင့်ပြုသည်။ |
| ၈။ | ကြီးကြပ်ရေးမှူးချုပ် (စာစစ်မှူး) (စာမေးပွဲ တစ်ကြိမ်လျှင်) | ၅/- | ၁,၅၀၀/- | |

| စဉ် | စာမေးပွဲအမည် | ယခင်သတ်မှတ်ထားသော စာစစ်ခနှုန်းထားများ | ယခုပြင်ဆင်ခွင့်ပြုသည့် စာစစ်ခနှုန်းထားများ | မှတ်ချက် |
|---|---|---|---|---|
| ၉။ | ကြီးကြပ်ရေးမှူး (စာမေးပွဲတစ်ကြိမ်လျှင်) စာမေးပွဲခန်း ကြီးကြပ်သူ (Chief invigilator) | ၂. ၅၀ါး/- | ၇၅၀/- | စာမေးပွဲခန်းအလိုက် တာဝန်ကျသူ |
| ၁၀။ | မေးခွန်းဖယောင်းရိုက်ခ (အတန်းတင်စာမေးပွဲမေးခွန်းတစ်စုံလျှင်) | ၅/- | ၁၅၀၀/- | |
| ၁၁။ | ပုံဆွဲဖယောင်းရေးခ (ဖယောင်းစက္ကူတစ်ရွက်) | ၃/- | ၂၀၀/- | |

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်တွင် လိုငွေပြဘတ်ဂျက်ဖြစ်ပေါ်နေသော်လည်း နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ခလစာခရီးစရိတ်၊ ခရီးသွားနေ့တွက်စရိတ်များကို အခါအားလျော်စွာ တိုးမြှင့်ခံစားခွင့်ပြုသည့်အပြင် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက်ကိုလည်း ဒေသန္တရရှားပါးစရိတ်နှင့် သဘောသဘာဝတူညီသော ဒေသစရိတ်များကို သီးခြားခံစားခွင့်ပြုထားပြီး ဖြစ်ပါသဖြင့် ဒေသန္တရရှားပါးစရိတ် (Compensatory Local Allowance - CLA) ခွင့်ပြုပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း(၁၃၀)ရှိပြီး ကျေးရွာအုပ်စု(၅၅)အုပ်စုသာရှိသဖြင့် ကျေးရွာခွဲများကို ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန် က ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း(၁၃၀)ရှိပြီး ကျေးရွာအုပ်စု(၅၅)အုပ်စုသာရှိသဖြင့် ကျေးရွာခွဲများကို ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း (၁၃၀)ရှိပြီးတော့ ကျေးရွာအုပ်စု(၅၅)အုပ်စုသာရှိသဖြင့် ကျေးရွာခွဲများကို အုပ်စုအဖြစ် အသစ်ထပ်မံတိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးရတဲ့ အကြောင်းအရင်းကတော့ တီးတိန်မြို့နယ်က လူဦးရေထူထပ်တယ်။ ကျေးရွာပေါင်း (၁၃၀)ရှိပါတယ်။ ရပ်ကွက်(၄)ခု ရှိပြီး ကျေးရွာအုပ်စု(၅၅)အုပ်စုသာရှိပါတယ်။ ဒါကြောင့် နယ်မြေအကျယ်အဝန်း၊ လူဦးရေနှင့် တွက်ကြည့်မယ်ဆိုလို့ရှိရင် ကျေးရွာအုပ်စုကနည်းပါးနေပါတယ်။ ပြီးတော့ တချို့ကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာခွဲများမှာလည်း တချို့က (၅)မိုင်ကနေ (၁၅)မိုင်အထိဝေးပါတယ်။ တောင်တက်၊ တောင်ဆင်းဖြစ်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးခက်တယ်။ မော်တော်ဆိုင်ကယ်သာ သွားနိုင်တဲ့ အနေအထားမှာပဲ ရှိပါတယ်။ ကျေးရွာအုပ်စု ရွာခွဲများမှာလည်း တစ်ရွာနဲ့တစ်ရွာ (၃)မိုင်မှ (၁၁)မိုင်အထိ ကွာဝေးလျက်ရှိပါတယ်။ ပြီးတော့ တချို့ကျေးရွာခွဲများမှာရှိတဲ့ ရွာများမှာလည်း အိမ်ခြေ(၁၀၀)မှ (၂၀၀)အထိ အသီးသီးရှိနေပါတယ်။

ဒါကြောင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများအနေဖြင့် စီမံခန့်ခွဲရာတွင် ခက်ခဲပြီး တရားဥပဒေစိုးမိုးရေးလျော့နည်းလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအတွေ့အကြုံအရဆိုလို့ရှိရင် ကျေးရွာတိုင်းမှာလည်းကော်မရှင်ရုံးခွဲ မထားနိုင်တဲ့အတွက်ကြောင့် ကျေးရွာခွဲများရှိ မဲဆန္ဒရှင်များမှ မဲပေးရခြင်းအခွင့်အရေးလည်းဆုံးရှုံးပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် စဉ်းစားပေးပါ။ ပြီးတော့ တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း ၂၉-၁၁-၂၀၁၆ ခုနှစ်မှာ ခရိုင်၊ ပြည်နယ်အထိ အုပ်စုတိုးချဲ့ဖို့ စာတင်ထားပြီးဖြစ်ပါတယ်။ ကြည့်မယ်ဆိုလို့ရှိရင် တီးတိန်ကနေ ပြည်နယ်ရုံးဟားခါးကို မိုင်ပေါင်း(၁၃၀)လောက်ရှိပါတယ်။ အဲဒီစာကတစ်ရက်ကို(၁)မိုင်နှုန်းလောက် သွားမယ်ဆိုလည်းရောက်သင့်လှပါပြီ။ ရက်ပေါင်း(၁၀၀၀)လောက်ရှိနေပြီ။ ဒါကြောင့် တီးတိန်မြို့နယ်ရှိ (၅၅)အုပ်စုမှ (၂၅)အုပ်စု ထပ်မံတိုးချဲ့ပြီး ကျေးရွာပေါင်း(၈၀)ထိ တိုးချဲ့ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာလူထုကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်တွင် ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများကို လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်တွင် ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများကို လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းချင်တာကတော့ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်တွင် ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများကို လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးမှ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့နယ်ကို ၁၉၄၉ ခုနှစ်၊ မတ်လတွင် နိုင်ငံတော်က အစိုးရရုံးစိုက်ရာ မြို့နယ်အဖြစ် သတ်မှတ်ပေးခဲ့ပြီး မင်းတပ်ခရိုင်အောက်တွင်ထားရှိခဲ့ပါတယ်။ ၂၆-၆-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ စာအမှတ်၊ ၅၀၈(၆၄)/၁၂/သမ္မတရုံးအမိန့်စာဖြင့် မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်ကိုစုစည်းပြီး မတူပီခရိုင်အဖြစ် တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။ မတူပီခရိုင်သည် ဧရိယာ စတုရန်းမိုင်(၅၄၄၄)မိုင်ရှိပါတယ်။ မတူပီခရိုင်အဖြစ် တိုးမြှင့်ပေးခဲ့သည်မှာ (၂)နှစ်ခန့် ကြာမြင့်နေပြီ ဖြစ်ပါတယ်။ ယနေ့အထိ ခရိုင်ဌာနဆိုင်ရာ အဆောက်အအုံများ မရှိသေးသည့်အတွက်ကြောင့် ခရိုင်ဥပဒေရုံး၊ ခရိုင်တရားရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့စသည့် (၃)ခုသာ မြို့နယ်ရုံးတွင် ပူးပေါင်း၍ ကြပ်တည်းစွာဖြင့် ရုံးထိုင်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်သည် မင်းတပ်ခရိုင်လက်အောက်မှာ တည်ရှိနေတာ နှစ်ပေါင်း(၇၀)ခန့် ကြာမြင့်နေပြီဖြစ်ပါတယ်။ မင်းတပ်ခရိုင်သည် မတူပီမြို့မှ (၁၀၂)မိုင်၊ ပလက်ဝမြို့မှ (၂၃၇)မိုင် ကွာဝေးပါတယ်။ တောင်ပေါ်လမ်းမိုင်(၁၀၀)ကျော်သွားသော ခရီးအကွာအဝေး ဟာ တစ်နေကုန်လောက်သွားရတဲ့ ခရီးအနေအထားဖြစ်ပါတယ်။ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်ရှိ ပြည်သူလူထုများသည် မတူပီခရိုင်ရုံး မဖွင့်သေးသည့်အတွက် ခရိုင်ရုံးနှင့် သက်ဆိုင်သော ရုံးလုပ်ငန်း များအတွက် မိုင်ရာချီသွားလာနေမှုကို အဆုံးသတ်နိုင်ရေးအတွက် ခရိုင်အဆင့်ရုံးများကို တည်ဆောက်ရန် နိုင်ငံတော်မှ ဘဏ္ဍာငွေများ အမြန်ဆုံးချပေးရန် လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပေးရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီဘယ်ဘက်ခြမ်းကတော့ မတူပီခရိုင် တိုးချဲ့ဖွဲ့စည်းခြင်းအမိန့်ကို နိုင်ငံတော်သမ္မတရုံးကလည်း ထုတ်ပြန်ထားတဲ့အမိန့်စာဖြစ်ပါတယ်။ ညာဘက်ခြမ်းကတော့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒီဘယ်ဘက်ခြမ်းကတော့ ခရိုင်ဥပဒေရုံးဖြစ်ပါတယ်။ ညာဘက်ခြမ်းကတော့ ခရိုင်တရားရုံး ဖြစ်ပါတယ်။

ဒီကလည်း မြို့နယ်ရုံးများနဲ့ ပူးတွဲပြီးမှ ရုံးထိုင်နေတာ ဖြစ်ပါတယ်။ ဒီကတော့ ကျွန်တော် Google Map ထဲကနေ ယူထားတာဖြစ်ပါတယ်။ ခရိုင်၊ ဌာနဆိုင်ရာရုံးများ တည်ဆောက်ရန် လျာထားတဲ့ မြေနေရာ ဖြစ်ပါတယ်။ ဘယ်ဘက်ခြမ်းမှာ ပန်းရောင်နဲ့ ဝိုင်းထားတဲ့နေရာက ယခုလက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတည်ရှိတဲ့နေရာဖြစ်ပါတယ်။ ဒေသခံပြည်သူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ (၃)ထပ်အဆောက်အအုံ စုပေါင်းရုံးလို တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒီညာဘက်ခြမ်း ကတော့ ဂေါက်ကွင်းရဲ့အနောက်ဘက် သင်္ချိုင်းကုန်းဟောင်းနေရာ ဖြစ်ပါတယ်။ ဒီနေရာကိုလည်း ခရိုင်ရုံး တည်ဆောက်ရန်အတွက် လျာထားတဲ့နေရာ ဖြစ်ပါတယ်။ ဒီဘယ်ဘက်ခြမ်းကဟာတော့ လောင်လူးကွင်းနေရာဖြစ်ပါတယ်။ ဒီနေရာကိုလည်း ဒေသခံပြည်သူများက ခရိုင်ရုံး တည်ဆောက်နိုင်ရေး အတွက် လျာထားတဲ့ မြေနေရာဖြစ်ပါတယ်။ ညာဘက်ခြမ်းက ဒီမတူပီနဲ့ (၇)မိုင်ဝေးတဲ့ ငလိုင်နှင့် ဖနိုင် ကျေးရွာကြားမှာ လျာထားတဲ့ မြေနေရာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြေနေရာကလည်း (၄)နေရာ လျာထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ခရိုင်ရုံး တည်ဆောက်ဖို့ရန်လည်း အဆင်သင့်ရှိနေသလို ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မတူပီခရိုင်၏ ဌာနဆိုင်ရာ ရုံးများကို အမြန်ဆုံး တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက်ချပေး၍ အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ ဒေသခံပြည်သူများ ကိုယ်စား လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မတူပီခရိုင်တိုးချဲ့ဖွဲ့စည်းခြင်း အမိန့်စာနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ပြပုံ (ထထ)



ခရိုင်ဌာနဆိုင်ရာရုံးများတည်ဆောက်ရန်လျာထားသည့်နေရာ မြင်ကွင်းပုံ (ထထ-၁)




ခရိုင်ဌာနဆိုင်ရာရုံးများတည်ဆောက်ရန်လျာထားသည့်နေရာ မြင်ကွင်းပုံ (ထထ-၂)




**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ရဲ့ ဖြေကြားချက်များကို Power Point အသုံးပြုခွင့်ပြုဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာခွဲများကို ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန်ကိစ္စနှင့်ပတ်သက်ပြီး ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၁၅-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၃/၁-၂/ဦး၁ ဖြင့် တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅၅)အုပ်စုမှ ကျေးရွာအုပ်စု(၂၅)အုပ်စု ထပ်မံတိုးချဲ့ပြီး ကျေးရွာအုပ်စုပေါင်း (၈၀)အုပ်စုအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးအမှတ်စဉ်၊ (၁၄/၂၀၁၇) ဆုံးဖြတ်ချက်(၃-က)အရ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊ ကျေးရွာအချက်အလက်နှင့် ရည်ရွယ်ချက်များဖော်ပြပြီးတော့မှ ချင်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါတင်ပြလာမှုအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးတော့ ပြန်လည်တင်ပြဖို့ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဖလမ်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အကြောင်းကြားပြီး ပြန်လည်စိစစ်စေခဲ့ပါတယ်ခင်ဗျား။ စိစစ်ချက်များအရ တီးတိန်မြို့နယ်တွင် ကျေးရွာပေါင်း (၁၃၀)ကျေးရွာရှိပြီးတော့ တရားဝင် အမည်ပေါက်ကျေးရွာ(၁၀၈)ရွာ၊ အမည်မပေါက်သေးသော ကျေးရွာ(၂၂)ရွာရှိသည့်အနက် ဒိမ်ဇန်ကျေးရွာတစ်ရွာဟာ သက်ဆိုင်ရာ ဖူနွမ်းကျေးရွာအုပ်စုမှ ကန့်ကွက်ခဲ့တဲ့အတွက်ကြောင့် ဆက်လက်တင်ပြနိုင်ခြင်း မရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျန်ကျေးရွာ(၂၁)ရွာအား တရားဝင် အမည်ပေါက်ကျေးရွာများအဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက်ကို အမှုတွဲ တည်ဆောက်ခဲ့ရာမှာ အဆိုပါကျေးရွာ(၂၁)ရွာအနက် ကျေးရွာ(၁၀)ရွာဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာအတွင်းမှာ ကျရောက်နေတဲ့အတွက်ကြောင့် ရွာမြေအဖြစ် အသုံးပြုနိုင်ဖို့ မြေအမျိုးအစား သတ်မှတ်ချက်အပေါ် မူတည်ပြီးတော့မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုနိုင်ဖို့ ခွင့်ပြုမိန့်လျှောက်ထားနိုင်ရေး မြေပြင် ကွင်းဆင်းတိုင်းတာဆောင်ရွက်ဆဲဖြစ်ကြောင်း သိရပါတယ်။ ကွင်းဆင်းတိုင်းတာပြီးရင်လည်း ကျွန်တော်တို့ သက်ဆိုင်ရာ ဒီဥပဒေကို ကိုင်တွယ်ကျင့်သုံးရတဲ့ ဒီစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆက်လက်ပြီးတော့ တင်ပြဆောင်ရွက်သွားရမှာဖြစ်ကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ တီးတိန်မြို့နယ်အတွင်းရှိ တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာ(၂၁)ရွာ တရားဝင်အမည်ပေါက် ရရှိပြီးမှသာ ကျေးရွာအုပ်စုများအဖြစ် အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ခရိုင်၊ မြို့ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထက်ဌာနအဆင့်ဆင့်ကို တင်ပြပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော်မှ ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့မှာ ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများကို လာမယ့်ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဒီကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်

ပြီးတော့ ဆက်လက်ဖြေကြားခွင့်ပြုပါခင်ဗျား။ ကျွန်တော်ရဲ့ တင်ပြချက်ကို Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့ကို ခရိုင်အဆင့် ဌာနဆိုင်ရာ ရုံးများအဖြစ် လာမယ့်ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး ဒီနယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေးဌာန ရုံးအတွက် ရန်ပုံငွေကျပ်(၁၇၅၀.၀)သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ်အတွက် ရန်ပုံငွေကျပ်(၇၀)သန်းနှင့် (၂)ခန်းတွဲရေလောင်းအိမ်သာတည်ဆောက်ရန်အတွက် ရန်ပုံငွေ ကျပ်(၄.၉)သန်း ခွဲဝေရရှိထားပြီးဖြစ်တဲ့အတွက် တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူပြီးတော့ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ အခြားခရိုင်အဆင့် ဌာနဆိုင်ရာရုံးများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများ လျာထားဆောင်ရွက်ပြီးတော့ ရရှိရေးအတွက်ကို တင်ပြထားပါတယ်။ ခွင့်ပြုရန်ပုံငွေ ရရှိချက်ပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့အတိုင်း သက်ဆိုင်ရာ အစုအပေါင်းရုံးများ တည်ဆောက်ခြင်း၊ လိုအပ်တဲ့ရုံးများ တည်ဆောက်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မရမ်းကုန်း၊ ဆိပ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ ခနကတိုက်ကျေးရွာများတွင် လူဦးရေထူထပ်များပြားလာ၍ အိုးမဲ့အိမ်မဲ့များ ဖြစ်ပေါ်လာမှုအပေါ် Town Plan / Village Plan မြို့ရွာစီမံချက်များဖြင့် မြေနေရာချပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်းက မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မရမ်းကုန်း၊ ဆိပ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ ခနကတိုက်ကျေးရွာများတွင် လူဦးရေထူထပ်များပြားလာ၍ အိုးမဲ့အိမ်မဲ့များ ဖြစ်ပေါ်လာမှုအပေါ် Town Plan / Village Plan မြို့ရွာစီမံချက်များဖြင့် မြေနေရာချပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီးက စောစောစီးစီးကတော့ ---------------

**ဦးပုဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ တိုးချဲ့မည့်ကိစ္စကတော့ ၂၀၁၉-၂၀၂၀ မှာ ဖြစ်နိုင်ရန် အစီအစဉ် ရှိ/မရှိ ထပ်ဆင့်မေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး သူဖြေသွားတာ ရှင်းရှင်းလေးပဲ၊ အကုန်လုံး ကျေးရွာအုပ်စုရပြီးရင် တရားဝင် ကျေးရွာဖြစ်မှ ထပ်ဖွဲ့ပေးမယ်ပြောတာ ဒါ ပြောထားပြီးသားပဲ။

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ ဒီကျေးရွာများ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ မြို့များပြင်ဆင်ခြင်း၊ မြို့နယ်အဆင့်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြင်လို့ မရပါဘူး။ သို့သော်လည်း ကျေးရွာအုပ်စုများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြို့များပြင်ဆင်ဖွဲ့စည်းခြင်း၊ ခရိုင်အထိလည်း ပြင်ဆင်ဖွဲ့စည်းခွင့် ရှိပါတယ်။ အဲဒီလို ပြင်ဆင်ဖွဲ့စည်းဖို့ကတော့ သက်ဆိုင်ရာ ဝန်ကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ အရ စတင်ပြီးတော့ နိုင်ငံတော်သမ္မတထံ တင်ပြရမှာ ဖြစ်ပါတယ်။ အဲဒီလို တင်ပြတဲ့အခါမှာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသလို၊ ဥက္ကဋ္ဌကြီး မိန့်ကြားသလိုပဲ သက်ဆိုင်ရာ ကျေးရွာအုပ်စုတွေ ပေါင်းမယ်ဆိုရင် တချို့ရွာတွေက ကန့်ကွက်ပါတယ်။ ချင်းပြည်နယ်မှာဖြစ်နေတဲ့ ပြဿနာက တချို့က ပေါင်းချင်တယ်။ တချို့က ခွဲချင်တယ်။ ဖလမ်းဆိုရင် မကြာခဏ အဲဒီပြဿနာရှိပါတယ်။ အဲဒီတော့ ကျေးရွာအုပ်စုတွေ ပေါင်းချင်တယ်။ တချို့ရွာတွေက မပေါင်းချင်တဲ့ ရွာတွေရှိပါတယ်။ တချို့က မြို့ထဲထည့်တာကို မလိုက်ချင်တဲ့ ကျေးရွာအုပ်စုတွေ ရှိပါတယ်။ အဲဒါကြောင့် အဲဒီပြဿနာတွေကို သက်ဆိုင်ရာတွေ၊ ကျွန်တော်တို့ ဝန်ကြီးချုပ်များက ဖြေရှင်းပြီးတဲ့ အချိန်မှာ စုစည်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး အမိန့်ရှိသလို ဒီကျေးရွာများ ပေါင်းပြီးတော့ ကျေးရွာအုပ်စုဖွဲ့စည်းခြင်းပေါ့လေ ရှိပါတယ်။ အဲဒီလိုပဲ ဒီအခု တီးတိန်ဆိုရင် ခရိုင်အဆင့်ကို တင်ပြနေပါပြီ။ ယခင်တုန်းက ချင်းပြည်နယ်မှာ ခရိုင်(၂)ခုပဲ ရှိခဲ့တာဖြစ်တယ်။ အဲဒါက ဖလမ်းခရိုင်နှင့် မတူပီ ခရိုင်ပါ၊ သို့သော်လည်း မြို့တော်တော်များများက ခရိုင်အဆင့်တောင်းပါတယ်။ မတူပီကလည်း တောင်းတယ်။ ကန်ပက်လက်လည်းတောင်းတယ်။ သို့သော်လည်း နယ်မြေဒေသအခြေအနေ၊ လူဦးရေ၊ နောက် အုပ်ချုပ်မှုနယ်မြေ၊ လုံခြုံရေးနယ်မြေပေါ် တွက်ပြီးတော့မှ ဝန်ကြီးချုပ်တို့ကနေပြီးတော့မှ သမ္မတထံ မတူပီခရိုင်ကို ဒါ မင်းတပ်ခရိုင်အောက်က ခွဲထွက်ပြီးမှ တစ်ခရိုင်ပေးတတ်ပါတယ်။ အဲဒီလိုပဲ ဖလမ်းခရိုင်အောက်က ဟားခါးကိုလည်း ခရိုင်ခွဲပေးခဲ့ပါတယ်။ ယခုတစ်ခါ တီးတိန်ကိုလည်း ခရိုင်အဆင့်တောင်းတဲ့အပေါ်မှာတော့ ဒီသက်ဆိုင်ရာ ဝန်ကြီးချုပ်များက နယ်မြေဒေသအခြေအနေနှင့် တချို့က ကန့်ကွက်မှု တချို့က ထောက်ခံမှုပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးနေတဲ့အတွက်ကြောင့် ခုနမေးခွန်းအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးချုပ်များကပဲ ဒီစတင်လျှာထားပြီးတော့ တင်ပြဖို့ဖြစ်ပါတယ်။ ကျေးရွာအုပ်စုများ ဖွဲ့စည်းခြင်းမှာလည်း ခုနလို ကန့်ကွက်တဲ့ရွာများရှိလို့ အနည်းငယ် ကြန့်ကြာရခြင်း ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရပြီ။ ကိုဇော်လင်းထွဋ် မေး။

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကျေးရွာများသည် သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်၊ ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီး၏ အနောက်ဘက်(၁၀)မိုင်ခန့် အကွာတွင်တည်ရှိပါတယ်။ မြောက်ဘက်

တွင် ဘီးလင်းမြစ်၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် ဆက်စပ်လျက်ရှိပါတယ်။ နှစ်စဉ် သောင်နုမြေများ ပေါ်ထွန်းလျက်ရှိပြီး မြေဩဇာအထူးကောင်းမွန်သောကြောင့် သထုံမြို့၏ စပါးကျီ အဖြစ် ထင်ရှားသော ကျေးရွာများဖြစ်ကြပါတယ်။ လူဦးရေ(၉၀)ရာခိုင်နှုန်းသည် ဆန်စပါး စိုက်ပျိုးခြင်း၊ ပဲ၊ ပြောင်း၊ သီးနှံများစိုက်ပျိုးခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ထိုရွာများတွင် လူဦးရေ တစ်နေ့တခြား ထူထပ်များပြားလာခြင်းကြောင့် နေစရာအခက်အခဲများ ဖြစ်လာပြီး ကျူးကျော်နေထိုင် မှုများ တိုးတက်များပြားလာပါတယ်။

ထိုကြောင့် ထိုကျေးရွာများတွင် မြေမဲ့၊ ယာမဲ့များအား နေရာချထားပေးနိုင်ရန် Town Plan/ Village Plan များဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်ကတည်းက စီမံဆောင်ရွက်ထားခဲ့သော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများ၏ နှောင့်နှေးကြန့်ကြာနေမှုများကြောင့် ဖြေရှင်းနိုင်ရန် နည်းလမ်းရှိပါလျက်နှင့် မလုပ် ဆောင်နိုင်သေးကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပေးပါရန် တင်ပြအပ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ မွန်ပြည်နယ် (၁၀)မြို့နယ်မှာရှိတဲ့ စားကျက်မြေ ဧရိယာများဖြစ်ပါတယ်။ သထုံမြို့သည် စားကျက်မြေဧရိယာ (၁၁၃၂၅)ဧကရှိပြီး မွန်ပြည်နယ်(၁၀)မြို့နယ်တွင် မြေလွတ်၊ မြေရိုင်း စားကျက်မြေ အများဆုံးရှိသော မြို့ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ သထုံမြို့နယ်ရှိ စားကျက်ကျူးလွန် အသုံးပြုစာရင်း ဖြစ်ပါတယ်။ မူလစားကျက်ဧရိယာ (၁)သောင်းကျော်ရှိပြီးတော့ စားကျက်ထုတ်နုတ် ခွင့်ပြု ဧရိယာ (၂၅၅၉)ဧကရှိပြီး၊ စားကျက် လက်ကျန်ဧရိယာကတော့ (၁၁၃၂၅)ဧက ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော် သထုံမြို့မှာရှိတဲ့ မြေအမျိုးအစားတွေ ဖြစ်ပါတယ်။ စုစုပေါင်း ဧကပေါင်း (၃)သိန်းကျော်ရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒါကတော့ သထုံမြို့နယ်မှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ အုပ်စုလိုက် ကျူးကျော်နေထိုင်မှုစာရင်းများကို မှတ်တမ်းတင်ထားတာဖြစ်ပါတယ်။ အဲဒီမှာ ထူးခြားတာ ကတော့ မီးရထားကျူးလို့ ခေါ်ပါတယ်။ ဘယ်မြို့နယ်မှာမှ မရှိတဲ့ ကျူးတွေ ဖြစ်ပါတယ်။ အဲဒါကတော့ အသုံးမပြုတော့တဲ့ သထုံ-ဘားအံ ရထားလမ်းပေါ်မှာ အများဆုံးတွေ့နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်အိမ်ထောင်လျှင် ပေ(၄၀ x ၆၀) အကွက်ရိုက်ပြီး နေရာချထားပေး မယ်ဆိုလျှင်တောင်မှ တစ်ဧကကို အနည်းဆုံး(၁၅)ကွက်ရရှိနိုင်တာမို့ ကျူးကျော်တွေ အိမ်ခြေ(၈၄၉) အိမ် အရေအတွက်ဆိုလျှင် (၅၆.၆)ဧကသာ လိုအပ်မှာမို့ မြေလွတ်၊ မြေရိုင်း(၁)သောင်းကျော်ရှိတဲ့ ကျွန်တော်တို့ သထုံမြို့မှာ အိုးမဲ့အိမ်မဲ့ ပြဿနာတွေကို နိုင်နင်းစွာ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သထုံမြို့တွင် အစိုးရ၊ ကုမ္ပဏီတွေက စွန့်လွှတ်ထားပြီးဖြစ်တဲ့ မြေတွေကို State Land အဖြစ် ကြေညာပြီး ထိုမြေများကို အကွက်ရိုက် ဖြေရှင်းပေးအားခြင်းဖြင့်လည်း ဆောင်ရွက်ပေးနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများမှာ အိမ်ရာစီမံကိန်းကြီးများ၊ တိုက်တာအဆောက်အအုံကြီး များကို ဆောက်လုပ်ပေးရန် တောင်းဆိုနေခြင်းမဟုတ်ဘဲ နေစရာမြေနေရာသာ တောင်းဆိုနေခြင်း ဖြစ်ပါတယ်။ နိုင်ငံမှာ လူဦးရေထူထပ်လာခြင်းကြောင့် နေစရာအခက်အခဲများဖြစ်လာပြီး ကျူးကျော် နေထိုင်မှုတွေက တစ်နေ့တခြား များပြားလာခြင်းသည် အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ထိုသို့ ကျူးကျော်နေထိုင်မှုများကြောင့် မကြာခဏ ပြည်သူနှင့် အစိုးရကြား၊ ပြည်သူအချင်းချင်းကြား

ခိုက်ရန်ဖြစ်ပွားမှု၊ ဥပဒေချိုးဖောက်မှု၊ ရုန်းရင်းဆန်ခတ်မှုဖြစ်နေခြင်းသည် တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်နေသလိုဖြစ်နေပြီး တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ထိခိုက်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၂၀၁၇-၂၀၁၈ တွင် (၅၃.၂)သန်း၊ ၂၀၁၈-၂၀၁၉ တွင် (၅၉.၆)သန်းနှင့် လူဦးရေသိပ်သည်းဆ တစ်စတုရန်းကီလိုမီတာမှ (၇၉)ဦး နေထိုင်မယ်လို့ စာရင်းဇယားများက ဖော်ပြပါတယ်။ ရေ၊ မြေ၊ တော၊ တောင် ပေါများလှတဲ့ ကျွန်တော်တို့နိုင်ငံမှာ အိုးမဲ့အိမ်မဲ့များ ရှိစရာအကြောင်း မရှိတဲ့အတွက် နိုင်ငံတော်၏ အရန်မြေများကို နိုင်ငံတော်အနေဖြင့် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိတာကို ဆောလျင်စွာ လုပ်ဆောင်ပေးဖို့လိုပါတယ်။

သို့ဖြစ်ပါ၍ သထုံမြို့နယ်ရှိ မရမ်းကုန်း၊ ဆိတ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်လေး၊ ခနုကတိုက် ကျေးရွာများတွင် လူဦးရေ ထူထပ်များပြားလာ၍ အိုးမဲ့အိမ်မဲ့များ ဖြစ်ပေါ်လာမှုအပေါ် Town Plan/ Village Plan မြို့ရွာစီမံချက်များဖြင့် မြေနေရာချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ကျန်ဗား ကျေးရွာအုပ်စုအား သီးခြားကျေးရွာအုပ်စု(၄)ခုအဖြစ် အသစ် ပြင်ဆင် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ကျန်ဗားကျေးရွာအုပ်စုအား သီးခြားကျေးရွာအုပ်စု(၄)ခုအဖြစ် အသစ်ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ နေပြည်တော်ကောင်စီဝင်၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော် မေးချင်တဲ့ မေးခွန်းကတော့ ဟားခါးမြို့နယ်မှာရှိတဲ့ ကျန်ဗား အုပ်စုကို သီးခြားကျေးရွာအုပ်စု (၄)ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိပဲ ဖြစ်ပါတယ်။

အကြောင်းအကျိုးတင်ပြချက်အနေနဲ့ကတော့ ဟားခါးမြို့နယ်မှာရှိတဲ့ ကျန်ဗားအုပ်စုဟာ ဆိုရင် ရွာပေါင်း (၇)ရွာနှင့် ဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ ရွာများကတော့ ကျန်ဗား၊ လေအွမ်(မြို့ဟောင်း)၊ လေအွမ်(မြို့သစ်)၊ ဘုံဖုံ၊ ကေဇွာ၊ ချောန်ကျွမ်း၊ လေအွမ်(ခ)သီလာခ့် စတဲ့ ရွာများ ဖြစ်ပါတယ်။ ဒီကျေးရွာ(၇)ရွာတို့မှာ တစ်ရွာနှင့်တစ်ရွာ အလှမ်းဝေးကွာကြပြီးတော့ လမ်းပန်းဆက်သွယ် ရေးလည်း အင်မတန်ခက်ပါတယ်။ တစ်ရွာနှင့်တစ်ရွာ အလှမ်းဝေးသည်ကို အောက်ပါအတိုင်း မိုင်အား ဖြင့် ဖော်ပြအပ်ပါတယ်။

ဘုံဖုံကနေ သီလာ့ခ်သို့ (၃၅)မိုင်ဝေးပါတယ်။ နောက် ဘုံဖုံကနေ သီလာ့ခ်သို့ (၂၇)မိုင် ဝေးတယ်။ အဲဒါကတော့ ကေဇွာ၊ ချောန်ကျွမ်း၊ သီလာ့ခ်ကနေ (၂၇)မိုင်ဝေးတယ်။ နောက် ဘုံဖုံမှ လေအွမ် ရွာသစ်ကို သွားမယ်ဆိုရင် (၇)မိုင်ဝေးပါတယ်။ (၇)မိုင်ကတော့ လေအွမ်(က) (၁၂)မိုင်၊

လေအွမ် ရွာဟောင်းပေါ့နော်။ ကျန်ဗား (၁၆)မိုင် ဝေးတယ်။ ဘုံဖုံကနေ ကျန်ဗားဆိုရင် (၁၅)မိုင် ဝေးပါတယ်။ ဒါကတော့ ဆူရိခွားလမ်းဘက်ကနေ၊ နောက် သီလာ့ခ်ကနေ ကျန်ဗားဟာဆိုရင် ဒါဟာ သီလာ့ခ်၊ ချောန်ကျွမ်း၊ ကေဇွာ သွားမယ်ဆိုရင် (၄၂)မိုင်ဝေးပါတယ်။ သီလာ့ခ်ကနေ ကျန်ဗားဟာ ဒီ ဂန့်ဂေါ်၊ ဘုံဖုံဘက်ကနေ သွားမယ်ဆိုရင် မိုင်(၅၀)၊ အမှန်ကတော့ (၅၇)မိုင်ဝေးပါတယ်။ အဲဒီလို ရွာတွေဟာ တစ်ရွာနှင့်တစ်ရွာ အင်မတန်မှ အလှမ်းဝေးပြီးတော့ ဆက်သွယ်ဖို့ အင်မတန် ခက်ပါတယ်။ အဲဒီလိုဖြစ်တဲ့အတွက်ကြောင့် ဒီကျေးရွာအုပ်စုကို အောက်ပါအတိုင်း ကျေးရွာအုပ်စုအသစ်(၄)ခုအနေနဲ့ ဖွဲ့စည်းပေးရန် ပြည်သူတွေက လိုလားကြပါတယ်။

ဘုံဖုံကျေးရွာအုပ်စုကို သပ်သပ်၊ ဘုံဖုံကျေးရွာဟာဆိုရင် အိမ်ခြေ(၂၅၀)ရှိပြီးတော့ လူဦးရေ အားဖြင့် (၇၆၀)ရှိပါတယ်။ နောက် သီလာ့ခ်ကျေးရွာအုပ်စု၊ ဒါတော့ သီလာ့ခ်မှာတော့ အိမ်ခြေ(၁၀၈) အိမ်ရှိပြီးတော့ လူဦးရေအားဖြင့်(၆၆၅)ယောက်ရှိတယ်။ နောက် ချောန်ကျွမ်းကျေးရွာအုပ်စု၊ ဒါကတော့ ချောန်ကျွမ်းရွာ အိမ်ခြေ(၁၁၀)၊ လူဦးရေ (၆၇၀)၊ နောက် ကေဇွာက အိမ်ခြေ(၃၅) အိမ်ရှိတယ်။ နောက် လူဦးရေကတော့(၁၇၂)ဦး။ နောက် လေအွမ်ကျေးရွာအုပ်စု၊ လေအွမ်ကျေးရွာကတော့ ရွာဟောင်းနဲ့ ရွာသစ်၊ ရွာဟောင်းမှာ အိမ်ခြေ(၆၀)ရှိတယ်။ လူဦးရေ(၃၁၅)ယောက်ရှိတယ်။ ရွာသစ်မှာတော့ အိမ်ခြေ (၆၈)အိမ်ရှိတယ်။ လူဦးရေအားဖြင့် (၃၅၀)ရှိပါတယ်။ နောက် ကျန်ဗားကတော့ အိမ်ခြေ(၁၄)အိမ် ရှိပြီးတော့ လူဦးရေ (၇၀)ရှိပါတယ်။ အဲဒါကြောင့် အဓိကပြဿနာကတော့ ဒီအရှေ့ကျေးရွာအုပ်စုဟာ ဆိုရင် ရေ၊ မြေပထဝီအနေအထားအရ အရမ်းကျယ်ဝန်းလွန်းတဲ့အတွက်ကြောင့် ဒီ ကျေးရွာအုပ်စု အသစ်(၄)ခုအနေနဲ့ ဖွဲ့စည်းပေးဖို့ဟာ တကယ့်ကိုလိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံ ပြည်သူများကိုယ်စား ဒီကျန်ဗားကျေးရွာအုပ်စုကို ကျေးရွာအုပ်စုအသစ်(၄)ခု ပြင်ဆင်ဖွဲ့စည်းပေးပါရန် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးညီထွန်း (နေပြည်တော်ကောင်စီဝင်)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။

တင်ပြပါ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒေါက်တာဇော်လင်းထွဋ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းမှာ မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မရမ်းကုန်း၊ ဆိပ်ကျွန်း၊ ကတိုက်ကြီး၊ ကတိုက်လေး၊ ခနုကတိုက်ကျေးရွာများတွင် လူဦးရေထူထပ် များပြားလာ၍ အိုးမဲ့ အိမ်မဲ့များ ဖြစ်ပေါ်လာမှုအပေါ် Town Plan/ Village Plan မြို့ရွာစီမံချက်များဖြင့် မြေနေရာချပေး နိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့နယ်အတွင်းမှာရှိတဲ့ ဖော်ပြပါ ကျေးရွာအုပ်စု (၅)အုပ်စုတွင် စားကျက်မြေ (၁၄၉၅)ဧကရှိပြီး စပါးစိုက်ပျိုးမြေ(၈၈၁)ဧက၊ စာသင်ကျောင်းမြေ (၃)ဧက၊ ဘုန်းတော်ကြီးကျောင်း(၅)ဧက၊ လူနေအိမ်ရာမြေ(၅၂၂)ဧက၊ သင်္ချိုင်းမြေ(၂)ဧက၊ လမ်း၊ ရေမြောင်းအဖြစ် အသုံးပြုမြေ(၈၂)ဧက၊ စုစုပေါင်း(၁၄၉၅)ဧက အားလုံးကို အသုံးပြုထားပြီးဖြစ်ပါတယ်။ မရမ်းကုန်းကျေးရွာအုပ်စုမှာ စားကျက်မြေဧရိယာ (၇၂)ဧကရှိပြီး ၎င်းဧရိယာအားလုံးကို စပါးစိုက်ပျိုးမြေအဖြစ် အသုံးပြုထားပြီး ဖြစ်ပါတယ်။ ဆိပ်ကျွန်းကျေးရွာအုပ်စုမှာ စားကျက်မြေဧရိယာ (၂၄၃)ဧကရှိပြီး စိုက်ပျိုးမြေအဖြစ်(၈၄)ဧက၊ လူနေအိမ်ရာ မြေနေရာအဖြစ်(၁၂၆)ဧက၊ စာသင်ကျောင်း (၃)ဧက၊ ဘုန်းတော်ကြီးကျောင်း(၅)ဧက၊ သင်္ချိုင်းမြေ(၂)ဧက၊ လမ်းမြေ(၅)ဧက၊ ရေမြောင်း(၁၈)ဧက အသုံးပြုထားပြီးဖြစ်ပါတယ်။

ကတိုက်ကြီးကျေးရွာအုပ်စုတွင် စားကျက်မြေဧရိယာ(၉၃၄)ဧကရှိပြီး စိုက်ပျိုးမြေအဖြစ် (၅၁၇)ဧက၊ လူနေအိမ်ရာမြေအဖြစ် (၃၅၈)ဧက၊ လမ်းနှင့်ရေမြောင်းအဖြစ် (၅၉)ဧက အသုံးပြုထားပြီး ဖြစ်ပါတယ်။ ကတိုက်ကလေးကျေးရွာအုပ်စုတွင် စားကျက်မြေဧရိယာ(၂၄၆)ဧကရှိပြီး စပါးစိုက်ပျိုးမြေ အဖြစ်(၂၀၈)ဧက၊ လူနေအိမ်ရာမြေအဖြစ်(၃၈)ဧက အသုံးပြုထားပြီးဖြစ်ပါတယ်။ ခနေကတိုက်ကျေးရွာ အုပ်စုတွင်တော့ စားကျက်မြေ မရှိပါ။

သို့ဖြစ်ပါ၍ သထုံမြို့နယ်အတွင်း အိုးမဲ့အိမ်မဲ့များ နေရာချထားပေးနိုင်ရန်အတွက် စက်မှု(၂) ဝန်ကြီးဌာနမှ စွန့်လွှတ်ပြီးဖြစ်သော သထုံမြို့နယ်၊ ဒုံဝန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၂၄)၊ ဦးပိုင် အမှတ်(၆၆/ခ)၊ ဧရိယာ(၂၆.၈၄)ဧက၊ ထောင်မှူးကျေးရွာအုပ်စု ကွင်းအမှတ်(၅၁၄/တီကျိကွင်း) ဧရိယာ (၄၅)ဧက၊ စက်မှု(၂)ဝန်ကြီးဌာနမှ စွန့်လွှတ်သော ဒူးရင်းဆိပ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၅၂၄)၊ ဧရိယာ(၉၄.၃၅)ဧကနှင့် စခန်းကြီးကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၆၇၉)၊ ဦးပိုင်အမှတ်(၈၇) ဧရိယာ (၁၄.၃၅)ဧကတို့အား ကျေးရွာမြေအဖြစ်တိုးချဲ့နိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ကာ တင်ပြထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခွင့်ပြုချက်ရရှိပါက အိုးမဲ့အိမ်မဲ့များအား နေရာချထားရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သထုံမြို့နယ်အတွင်း တိုးတက်များပြားလာသော လူဦးရေများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာမြေနှင့် စားကျက်မြေများ ကျူးကျော်မှု မရှိစေရေး၊ လယ်ယာ မြေများအား အခြားနည်း အသုံးပြုခွင့်မရှိဘဲ အသုံးပြုမှု မရှိစေရေးအတွက်လည်းကောင်း ပြည်ထဲရေး ဝန်ကြီးဌာနအမည်ပေါက် ကျေးရွာများအား မူလရွာမြေဧရိယာပေါ်တွင် နေထိုင်ရန် မလုံလောက်ပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီး ကျေးရွာတိုးချဲ့မှုအတွက် Village Plan ရေးဆွဲ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြရန် မှာကြားထားပြီး ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ ကျန်ဗားကျေးရွာအုပ်စုအား သီးခြားကျေးရွာအုပ်စု (၄)ခုအဖြစ် အသစ်ပြင်ဆင် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ဖော်ပြပါ ကျန်ဗားကျေးရွာ အုပ်စုသည် ကျန်ဗား၊ ဘုံဖုံ၊ လေအွမ်၊ ကေဇွာ၊ ချောန်ကွမ်း၊ လေအွမ်၊ သီလာ့ခ် စတဲ့ ကျေးရွာ (၇)ရွာ အဖြစ် ဖွဲ့စည်းထားရှိပါတယ်။ ချင်းပြည်နယ် အစိုးရအဖွဲ့သည် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ မြို့နယ်များကို စုစည်း၍ ခရိုင်အဖြစ်လည်းကောင်း၊ ကျေးရွာများကိုစုစည်း၍ ကျေးရွာအုပ်စုများအဖြစ်လည်းကောင်း၊ ရပ်ကွက်များကို စုစည်း၍ မြို့အဖြစ်လည်းကောင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့အင်္ဂါရပ် နှင့်ညီညွတ်သော ဘုံဖုံကျေးရွာအား မြို့အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ၃၀-၉-၂၀၁၆ ရက်နေ့ တွင် ကျင်းပပြုလုပ်သည့် ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၆)တွင် ထည့်သွင်းဆွေးနွေးခဲ့ရာ ဆုံးဖြတ်ချက်(၃)အရ ဘုံဖုံကျေးရွာအား မြို့အဆင့် တိုးမြှင့်ဖွဲ့စည်းနိုင်ရေး စတုတ္ထဦးစားပေးအဖြစ် ဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အပေါ် ဆက်လက်ဆောင်ရွက်သွားနိုင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ၅-၁၀-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၃/၅-၁၇(၄)/ဦး ၃ ဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့အဆင့်တိုးမြှင့်ဖွင့်လှစ် ဖွဲ့စည်းနိုင်ရေးအတွက် အမှုတွဲပြုစု ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဟားခါးမြို့နယ်၊ ကျန်ဗားကျေးရွာအုပ်စုရှိ ဘုံဖုံကျေးရွာအား မြို့အဆင့် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးကိုတော့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲပြုစု ဆောင်ရွက်လျက်ရှိပါသဖြင့် ကျန်ဗားကျေးရွာအုပ်စုအား သီးခြားကျေးရွာအုပ်စုအသစ်(၄)ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရန် အစီအစဉ်မရှိပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်

ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ ၁)၁/၂၀၁၉** - ၁၄၃
**ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ မတ်လ ၁၁ ရက်**

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၈-၂-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်မှ(၈) ၇-၃-၂၀၁၉ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၈-၃-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ကော်မတီ၏ လေ့လာတွေ့ရှိချက်များမှာ -

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အရာရှိတစ်ဦးဦးသည် ယင်း၏ လုပ်ငန်းအတွေ့အကြုံနှင့် ကိုက်ညီမှုရှိသည့်ဌာနသို့သာ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သင့်ပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် မူလဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဇ) ကို ပုဒ်မခွဲ(ဈ) ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည် -

> ၈။(ဈ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးအား ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လိုသည့်ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် ထိုအရာရှိ၏ လုပ်ငန်းအတွေ့အကြုံသည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့်ဌာန၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီမှု ရှိ/မရှိ အပါအဝင် အခြားလိုအပ်သည့်စိစစ်မှုများပြုလုပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခြင်း

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ

တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလ ပြင်ဆင်ချက်များနှင့် ယခု ထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ပြည်ထောင်စု ရာထူးဝန် အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အတည်ပြုရန်အတွက် လွှတ်တော်ကို တင်ပြ သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် -

အပိုဒ် ၃၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(င)ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော ပုဒ်မ ၈ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(စ) ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)တို့ကို အတည်ပြုပေးပါရန် အမျိုးသား လွှတ်တော်ကို တင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် အပိုဒ် ၃၊ အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဂ) ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(င)ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော ပုဒ်မ ၈ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(စ)ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော ပုဒ်မ ၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(င)၊ အပိုဒ် ၇ **တို့ကို အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ကို တင်သွင်းအပ်ပါတယ်ရှင်။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော ပုဒ်မ ၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅ အပိုဒ်ခွဲ(င)၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် -

အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိပေးပါရန် အမျိုးသားလွှတ်တော်ကို တင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ ၄-၁၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က တော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ တရားလွှတ်တော် ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

အဲဒီကိစ္စနှင့်ပတ်သက်ပြီး အကျိုးအကြောင်းဖော်ပြချက်ကတော့ တရားလွှတ်တော် ရှေ့နေများ ကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းမှာ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များ၌ မြန်မာဘာသာဖြင့် ပြန်ဆိုပြီး အတည်ပြုထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်ကြီးက

ဥပဒေများကို ပြုစုတဲ့အခါမယ် ဥပဒေဟာ ပြည်သူများအကြား ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ပြဋ္ဌာန်းရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကိုပြင်ဆင်သည့်ဥပဒေ အခန်း(၂)၊ ရည်ရွယ်ချက် ပုဒ်မ ၃ မှာ ဤဥပဒေရဲ့ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ပုဒ်မခွဲ(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသော တည်ဆဲဥပဒေအားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရန်။ ပုဒ်မခွဲ(ခ)တွင် အချို့သော ဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများ ပြန်ဆိုထားရှိရန်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီအတွက် တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး မြန်မာဘာသာပြန်ဆိုထားသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ပြည်သူ့ငွေစာရင်းကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးမန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးမန်းထွန်းကြိုင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံ အတည်ပြုပေးပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှ ဒသမပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းခညောင်းပြီးတော့ စိတ်နှလုံး ချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးကနေပြီးတော့မှ နဝမပုံမှန်အစည်းအဝေးအထိ လွှတ်တော်နားရက်များမှာ ပင်ပန်းခံပြီး ကျွန်တော်တို့ ကွင်းဆင်းခဲ့ပါတယ်။ ဒသမပုံမှန်အစည်းအဝေးအပြီးမှာတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို ကွင်းဆင်းရန် စီစဉ်ခဲ့ပေမယ့် လုံခြုံရေးအခြေအနေအရ ကျွန်တော်တို့ ကွင်းမဆင်းနိုင်ခဲ့ပါဘူး။

ဒါကြောင့်မို့လို့ လုပ်ငန်းစဉ်များ ဖြည့်စွက်တဲ့အနေနဲ့ ဝန်ကြီးဌာန တစ်ခုချင်းအလိုက် ဖိတ်ကြားပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့တဲ့ ကတိဖြစ်ပြီး မေးခွန်းများထဲက အကောင်အထည်ဖော်ရန် ကျန်ရှိနေဆဲနှင့် အကောင်အထည်ဖော်ဆဲ လုပ်ငန်းများကို ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ဝန်ကြီးဌာနများနှင့် ကော်မတီရုံးခန်းမှာ ဖိတ်ကြားပြီးတော့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများကို ဆွေးနွေးပြီး ဖြစ်ပါတယ်။ ဒီလိုဆွေးနွေး ညှိနှိုင်းပြီးတဲ့ အချက်အလက်များအပေါ်မှာ ကော်မတီရဲ့ စိစစ်တွေ့ရှိချက်နှင့် အကြံပြုချက်များကို လာမယ့် ပုံမှန်အစည်းအဝေးများမှာ ထည့်သွင်းပြီး အစီရင်ခံမှာဖြစ်တဲ့အကြောင်းလည်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူ လက်ခံပေးပါရန် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းအောင် မှ အဆိုတင်သွင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်** (၁၁)ကြိမ်မြောက်**ပုံမှန် အစည်းအဝေးဟာဆိုရင် ဒီကနေ့မှာ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှ မတ်လ ၁၄ ရက်နေ့အထိ အစည်းအဝေး ကျင်းပရက် (၂၅)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များအနေနဲ့ -**

**မေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ -**

**လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၁၂၁)ခု နှင့် ကြယ်ပွင့်မပြမေးခွန်း (၃၀၃)ခု တို့ကို မေးမြန်းခဲ့ပါတယ်။**

**လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။**

**အဆိုတင်သွင်းခြင်း ကဏ္ဍမှာ -**

- ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆို၊ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ ၂၀၁၆ ခုနှစ်၊ အမျိုးသား မြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသား မြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို နှင့် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံ လိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတို့ကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုများကို လွှတ်တော်က အတည်ပြုခဲ့ပါတယ်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ -**

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့တဲ့ မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေး အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် -**

- စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း၊
- ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်း၊
- ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်

တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။ ယင်းဥပဒေ များကို ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၊ ဥပဒေအမှတ် ၃၊ ဥပဒေ အမှတ် ၆၊ ဥပဒေအမှတ် ၇ များဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါတယ်။

နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းနှင့် တံတားကြီးများ ဥပဒေကြမ်း တို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာမှာ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့တဲ့ ဥပဒေကြမ်းများအနက် -**

- မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊
- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

တို့အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်း သည့် ဥပဒေကြမ်းများဖြစ်တဲ့** ပဲခူးတိုင်းဒေသကြီး **မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း** တင်သွင်းသည့် ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး** တင်သွင်းသည့် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးကာ ၎င်း၏ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါတယ်။

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့တဲ့ အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။** အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများရဲ့ လွှတ်တော်အစည်းအဝေး ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ(၂၁)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ(၇)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ(၂)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ(၁၀)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(၆)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ(၂)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ(၅)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ(၃)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ(၆)ကြိမ်၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ(၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ(၉)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ(၈)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ(၆)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ(၈)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ(၅)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၈)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ(၅)ကြိမ်၊ စုစုပေါင်း ကော်မတီအစည်းအဝေး (၁၁၈)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။** အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို (၁)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို(၂)စောင် ထုတ်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်(၄၇)ဦးက သိရှိလိုတဲ့ သတင်းအချက်အလက် မေးမြန်းခဲ့မှုများ အနက် (၆၀)ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ(၂၂)ချက်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ် များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာဒေသ အသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိ ကြပြီး မိမိတို့ရဲ့ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက် မြောက်နေ့ကို ၁၁း၅၄ နာရီ အချိန်တွင် ရပ်နားပါသည်။]